# သခင့်စကား

ဝိညာဉ်ရေးရာစာစောင်


ငါ့စကားကို စေ့စေ့နားထောင်လျက်၊ ကောင်းသောအစာကို စားကြလော့။ သင်တို့၏ ဝိညာဉ်သည် ချိုသောအရာတို့၌ မိမိကို မိမိ မွေ့လျော်စေလိမ့်မည်။ ဟေ– ၅၅း၂

အမှတ်စဉ်(၃၀) ဖေဖော်ဝါရီလ ၂၀၀၄ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## ကျန်းမာခြင်းကိုပေးပိုင်သောအရှင်

၂၀၀၄ ခုနှစ်ရဲ့ နှစ်ဆန်းပိုင်းကို ရောက်ရှိလို့လာခဲ့ပါပြီ။ လွန်ခဲ့သော တစ်နှစ်တာပါတ်လုံး ကျန်းမာပျော်ရွှင်စွာနဲ့ အလုပ်လုပ်ကိုင်ခွင့် ရရှိခဲ့တာကြောင့် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနဲ့အတူ လွန်ခဲ့သော ၂၀၀၃ ခုနှစ်က ကြုံတွေ့ခဲ့ရတဲ့ အတွေ့အကြုံလေးကို ပြန်ပြီး ဝေမျှသက်သေခံချင်ပါတယ်။

ကျွန်မဟာ ငယ်ငယ်တုံးက ကျန်းမာရေး တော်တော်ကောင်းပါတယ်။ ဒါ့ကြောင့် တစ်နေ့နေ့မှာ ရောဂါဆိုး တစ်ခုကို ခံစားရလိမ့်မယ်လို့ ထင်မထားခဲ့ပါဘူး။ ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှာ ကျန်းမာရေး ကောင်းတဲ့ ကျွန်မဟာ ချောင်းနည်းနည်းစပြီး ဆိုးလာပါတယ်။ တစ်ခါတစ်လေ ကိုယ်ပူပြီး ဖျားပါတယ်။ ရိုးရိုး အအေးမိတာဘဲ ထင်ပြီး အိမ်မှာဘဲ ဆေးမြီးတိုလေးနဲ့ ကုသခဲ့ပါတယ်။ ဒီဇင်ဘာ ၅ရက်နေ့မှာ စင်ကာပူက ကျွန်မရဲ့ အစ်မ မြန်မာပြည်ကို အလည်ပြန်လာခဲ့တဲ့အတွက် ကျွန်မတို့နေတဲ့ နေပြည်မြို့ကနေပြီး မိသားစု တွေနဲ့အတူ ရန်ကုန်လေဆိပ်မှာ သွားကြိုခဲ့ပါတယ်။ အပြန်ခရီးမှာတော့ ဆောင်းတွင်းလဲဖြစ်၊ အရမ်းအေးတဲ့ လလဲဖြစ်၊ ညနေဘက် အအေးပိုတဲ့ အချိန်လဲဖြစ်တဲ့ အတွက် ကားပေါ်မှာ ကျွန်မ အရမ်းချမ်းပါတယ်၊ ခေါင်းလဲကိုက်ပါတယ်။ အိမ်ပြန်ရောက်တော့ ရေနွေးနဲ့ ရေချိုးပြီး အမေတိုက်တဲ့ ဆေးသောက်၊ နွေးနွေးထွေးထွေးနဲ့ အိပ်ပျော်သွားပါတယ်။ ဒါပေမဲ့ ချောင်းဆိုးတာကတော့ ရှင်းရှင်း မပျောက်သေးပါဘူး။ နောက်တစ်နေ့မှာ စင်ကာပူ ထွက်ဖို့ လိုအပ်တဲ့ ပတ်စပို့ လျှောက်ဖို့ ရန်ကုန်ကို ထွက်လာခဲ့ပါတယ်။



ရောဂါအတွက် ဆရာဝန်ကို သွားပြတော့ ဒေါက်တာက ပဋိဇီဝဆေး ၄ရက် ဆက်တိုက် ထိုးရမယ်လို့ ပြောပါတယ်။ ဖြစ်ချင်တော့ အဲဒီနေ့ကစပြီး ကျွန်မတို့ မိသားစုရဲ့ မိခင်အသင်းတော်ဖြစ်တဲ့ အင်းဖျား ပိုးကရင် နှစ်ခြင်းအသင်းတော်ကို ခရစ္စမတ်ပွဲ ကျင်းပဖို့ ပြန်လာခဲ့ကြပါတယ်။ မိသားစုတွေရဲ့ ဆန္ဒကတော့ ကျွန်မကို အိမ်မှာနေခဲ့စေပြီး နေပြန်ကောင်းလာအောင် ဆေး ဆက်တိုက်ထိုးစေချင်တာပေါ့။ ဒါပေမဲ့ ကျွန်မက မိသားစု စုံစုံလင်လင်နဲ့ တစ်နှစ်မှ တစ်ခါပြန်ရမဲ့ ရွာ ခရစ္စမတ်ပွဲကို သွားချင်လို့ ပြန်လာမှဘဲ ဆေးထိုးတော့မယ်လို့ ဆုံးဖြတ်ပြီး ရွာကို လိုက်ခဲ့ပါတယ်။ ရွာရောက်တော့ ဆွေမျိုးတွေရဲ့ တစ်အိမ်ဆီကို လှည့်ပြီးသွားလည်ရင်း သူတို့ကျွေးတဲ့ အုန်းထမင်း၊ ဘဲသား၊ ဝက်သားတွေကို စားပြီး ကိုယ်နေမကောင်းတာကို မေ့ပြီး ပျော်နေခဲ့ပါတယ်။ ဒီလိုနဲ့ ခရစ္စမတ်ပြီးလို့ အိမ်ကိုပြန်လာခဲ့တဲ့အခါမှာ ဆရာဝန်ဆီ ပြန်သွားပြီး ဆေး ၄ရက်ဆက်တိုက် ထိုးခဲ့ပါတယ်။ ဒါပေမဲ့ ရောဂါက မပျောက်တဲ့အပြင် ပိုဆိုးလာပါတယ်။

ဒ့ါကြောင့် ဆရာဝန်က ဆေးရုံမှာ ဆီး၊ သွေး စစ်ပြီး ဓါတ်မှန် ရိုက်ခိုင်းပါတယ်။ ဆီးသွေးစစ်တဲ့အခါ ဘာအဖြေမှ မရပေမဲ့ ဓါတ်မှန်ကိုကြည့်ပြီး ဆရာဝန်က တီဘီ ရောဂါလို့ ကောက်ချက်ချလိုက်ပါတယ်။ မထင်မှတ်ထားတဲ့ ရောဂါကို ရလိုက်ရပြီဆိုတာ သိလိုက်ရလို့ ကျွန်မဟာ ဆရာဝန်ရှေ့မှာ ဟန်မဆောင်နိုင်ဘဲ မျက်ရည် ပေါက်ပေါက်ကျခဲ့ပါတယ်။ ဆရာဝန်က ဒီရောဂါဟာ ကုသလို့ ပျောက်ကင်းနိုင်တဲ့ ရောဂါဖြစ်တဲ့အတွက် မကြောက်ဖို့၊ အားမငယ်ဖို့ ခွန်အား ပေးသလို ရှေ့ဆက်ကုသရမဲ့ အစီအစဉ်တွေကိုလဲ ပြောပြပါတယ်။ ဒါပေမဲ့ ကျွန်မ ရင်ထဲမှာ အရမ်းကို ခံစားနေရပါတယ်။ ဒီရောဂါမျိုး ကျွန်မတို့ မျိုးရိုးမှာ မရှိတဲ့အပြင် ကျန်းမာရေးကောင်းတဲ့ ကျွန်မ ကျမှ ဒီရောဂါ လာဖြစ်ရလို့ ယူကြုံးမရဖြစ်မိပါတယ်။

"ဘုရားသခင် သမီးကိုမှ ဘာဖြစ်လို့ ဒီရောဂါ လာဖြစ်ရတာလဲ" လို့ ဘုရားကို ခဏခဏ အပြစ်တင်ခဲ့မိပါတယ်။ ဒီလိုနဲ့ ဆေးကုဖို့အတွက် အနောက်ပိုင်း ဆေးရုံက ဆရာဝန်ဆီကို သွားခဲ့ပါတယ်။ ဆေးကုသမှု ယူတဲ့ ရက်အစပိုင်းမှာ ကျွန်မ ရင်ဘတ်အရမ်း နာပါတယ်။ ဘယ်ဘက်ကို စောင်းအိပ်လို့ မရပါဘူး။ အသက်ရှုလို့လဲ မဝပါဘူး။ တစ်ယောက်တည်း ကြိတ်ပြီး ငိုခဲ့ရပါတယ်။ ကျွန်မ တစ်ယောက်တည်း အပယ်ခံ ဘဝရောက်သွားပြီး မိသားစုတွေနဲ့ ခွဲပြီး နေခဲ့ရပါတယ်။ အသုံးအဆောင် ပစ္စည်းတွေကိုလဲ တစ်ယောက်တည်း သတ်သတ်သုံးစွဲ ရပါတယ်။ မိသားစုတွေကလဲ ကျွန်မကို သီး သန့်အခန်းထဲမှာ သီးသန့်နေစေပါတယ်။ အဲဒီအချိန်မှာဘဲ ကျွန်မ ဘုရားသခင်ကို ခေါ်မိပါတယ်။ ကျွန်မရဲ့ အသက်တာကို ဘုရားလက်ထဲ အပ်နှံလိုက်ပါတယ်။ ဘုရားက သေဆိုရင် သေမယ်၊ ရှင်ဆိုရင် ရှင်မယ်လို့ ဘုရားအလိုတော် အတိုင်း ဖြစ်ပါစေလို့ အပ်နှံလိုက်တယ်။ အိပ်ယာထဲမှာ ကျမ်းစာဖတ်၊ ဆုတောင်း၊ ဘုရားကို အာရုံပြုရင်းနဲ့ စိတ်သက်သာမှု ရခဲ့ပါတယ်။ ဒီလိုနဲ့ ဆေးသောက် လာလိုက်တာ ၃လလောက်အကြာမှာ ကျွန်မရဲ့ ခြေမျက်စိနဲ့ ခြေမ နားက အဆစ်တွေရောင်ပြီး အထိမ ခံနိုင်အောင် နာလာပါတယ်။

နှလုံးကလဲ တစ်ခါတစ်ခါ အရမ်းခုန်လို့ ဆရာဝန်နဲ့ သွားပြကြည့်တော့ လေးဘက်နာ လိုလို နှလုံးရောဂါလိုလို ဖြစ်လို့ တစ်ပူပေါ် နှစ်ပူဆင့် ပြီး နောက်ရောဂါတစ်ခုအတွက် ဆေး နောက်ထပ်တစ်မျိုး သောက်ရပြန်ပါသေးတယ်။

မိသားစုတွေကလည်း ဆုတောင်းပေးတယ် ပြုစုပြီး အားပေးကြပါတယ်။ ရောဂါရလို့ အပြင်မထွက်ရတော့ အိပ်ယာထဲမှာ အရင်ကထက် ဆုတောင်း၊ ကျမ်းစာဖတ်ဖြစ်ပါတယ်။ ကျွန်မ ဘာကိုမှ မကြောက်တော့ပါဘူး။ ဝိညာဉ်ခွန်အားတွေ အများကြီး ရခဲ့ပါတယ်။ ဘုရားသခင်က ကျွန်မရဲ့ ခေါ်သံကို နားညောင်း


MIN AUNG THET LWIN 4 TUAS AVE 10 SINGAPORE 639128

တဲ့အတွက် တဖြည်းဖြည်း ကျွန်မ ရောဂါ သက်သာ လာခဲ့ပါတယ်။ ဘုရားသခင်က ကျွန်မကို သေစေနိုင်တဲ့ ရောဂါဆိုးကြီးက ကယ်တင်ပြီး ပျောက်ကင်းစေခဲ့ပါ တယ်။ ကျွန်မရဲ့ (ပတ်စပို့) နိုင်ငံကူး လက်မှတ်ကလဲ သက်တမ်းပြည့်သွားလို့ နောက်ထပ်ဖြလ သက်တမ်း တိုးရပါသေးတယ်။

ကျွန်မကတော့ နိုင်ငံခြားကို ဘုရားသခင်ရဲ့ အလိုတော်အတိုင်းဘဲ သွားရရင် သွားမယ်၊ မသွားရရင် မသွားဘူးလို့ ဆုံးဖြတ်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်ရဲ့ နိုဝင်ဘာလ ကုန်လောက်မှာ ကျွန်မအတွက် အလုပ်ခန့်စာ ရောက်လာပါတယ်။ ဆေးစစ် ကြည့် တော့ အဆုတ်မှာ အစက်လေးတွေ့တယ် ပြောလို့ အားလုံးက စိတ်ပူကြပြန်ပါသေးတယ်။ ဆရာဝန်က ဆေးသောက်ထားတဲ့အတွက်ကျန်ခဲ့တဲ့ အမာရွတ်လို့ ပြောပါတယ်။ ကျွန်မ ကတော့ ဒီအခြေအနေထိ ရောက်အောင် ကျန်းမာခွင့် ပေးတဲ့ဘုရားသခင်ဟာ နိုင်ငံခြားသွားဖို့ အထိ တာဝန်ယူပေးမယ် လို့ ယုံကြည်နေပါတယ်။

ကျွန်မနဲ့ အတူ ဘုရားသခင် အတူပါရှိလို့ ၁၃–၁–၂၀၀၃ ခုနှစ်မှာ စင်ကာပူ နိုင်ငံကြီးကို ကျွန်မရောက်လာခဲ့ပါတယ်။ စင်ကာပူမှာ ဆေးစစ်တော့လဲ ကျွန်မမှာ ဘာရောဂါမှ မရှိတော့ပါ ဘူး။ ကျွန်မနဲ့ အတူ ဆေးအစစ်ခံတဲ့ ဖိလစ်ပိုင်နိုင်ငံသူ တစ်ယောက်ကတော့ ဆေးမအောင်လို့ သူ့နိုင်ငံကို ပြန်အပို့ခံ ထိခဲ့ပါတယ်။ ကျွန်မ ကတော့ ကျေးဇူး တော်ကြောင့် ၂၀၀၄ ခုနှစ်တိုင်အောင် ဘုရားသခင်က စင်ကာပူမှာ နေခွင့် ပေးခဲ့ပါတယ်။ စင်ကာပူနိုင်ငံရဲ့ **Bethany Methodist Nursing Home** မှာ ကျန်းမာစွာနဲ့ အလုပ်လုပ်ကိုင် လျက်ရှိပါတယ်။ ဘုရားသခင်က ကျွန်မကို သေမင်းအရိပ် လွှမ်းမိုးသော ချိုင့်ထဲက ကွယ်ကာခဲ့သည်သာ မက သာယာသောမြစ်နားနဲ့ စိမ်းလန်းသော ကျက်စားရာ အရပ်ကိုလဲ လမ်းပြပို့ဆောင်ခဲ့ပြန်ပါသေးတယ်။


ဘုရားသခင်က ကျွန်မ ကိုသေစေနိုင်တဲ့ ရောဂါဆိုးနဲ့ ပေးတွေ့ပြီး သူနဲ့ နီးအောင် ဆွဲခေါ်ခဲ့ပါတယ်။ ဘုရားသခင်ဟာ အသက်ရှင်တဲ့ ဘုရားဖြစ်ပြီး ကျွန်မနဲ့ အတူအမြဲရှိတယ်။ ရောဂါ ပျောက်ကင်းနိုင်တဲ့ ဘုရားဖြစ်ကြောင်း သက်သေပြခဲ့တဲ့အပြင် ဆက်ပြီးတော့မှလဲ ကောင်းကြီးတွေကို လိုလေသေး မရှိ ပေးနေသေးတယ်။

ကျွန်မ ကိုးကွယ်တဲ့ ဘုရားသခင်ဟာ အသက်ရှင်တဲ့ ဘုရား၊ ကောင်းမြတ်တဲ့ဘုရား၊ ကရုဏာတော် အစဉ်အမြဲတည်တဲ့ ဘုရား၊ သေမင်းချိုင့်ထဲက လွတ်မြောက်မှုပေးနိုင်တဲ့ ဘုရား တစ်ဆူတည်းသော ဘုရားဖြစ်ကြောင်း သက်သေခံရင်းနဲ့အတူ ထိုဘုရားသခင် သာ၍ ဘုန်းကြီးပါစေ။ ။
အာမင်

ခရစ်တော်၏ နာမ၌ – **( ချိုချို )**

▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫▫

## သို့ မေမေ (၃)



အမေ ...
မြေနိမ့် လုံစိုက်၊
ဘဝင်မခိုက်လို့။

အနေဆင်းရဲ ၊
အစားမွဲလို့ ။

အပြစ်တင်သံ ၊
ကြားဖန်များလို့ ။

မသက်ာ အကြည့် ၊
ရင်မှာ မချိလို့ ။

အကြွေးတွေတက် ၊
ငွေတွင်း နက်လို့ ။

အပျင်းတွေဖက် ၊
အကျင့်ပျက်မှာစိုးလို့ ။

* သိလား အမေ ...
ကျွန်တော်လေ
မဆင်းရဲချင်ဘူး။ ။

( SAW A. THAW )

## သက်သေခံချက်

ကျွန်မဟာ အသက် ဆယ့်ရှစ်နှစ် ကတည်းက စင်ကာပူနိုင်ငံကို အလုပ်လုပ်ဖို့ ရောက် လာခဲ့ပါ တယ်။ ကျွန်မဟာ ချမ်းသာကြွယ်ဝတဲ့သူ မဟုတ်သလို ဉာဏ်ပညာကြီးမားတဲ့သူလဲ မဟုတ်ပါ ဘူး။ ရုပ်ရည် အားဖြင့်လည်း ချောမောလှပတဲ့သူ မဟုတ်ပြန်ပါဘူး။ ဒါ့ကြောင့် ကျွန်မရဲ့ ဘဝဟာ သူများအားကျစရာ လုံးဝမကောင်းတဲ့အပြင် စိတ် ပျက်၊ စိတ်ကုန်စရာကောင်းတဲ့ ဘဝလို့ကိုယ့်ကိုယ်ကို ထင်ခဲ့မိပါတယ်။ ကိုယ့်ရဲ့ လက်ရှိဘဝနဲ့ တခြားသူ တွေရဲ့ ချမ်းသာကြွယ်ဝမှုတွေကို နှိုင်းယှဉ်မိတဲ့အခါ အားငယ်စိတ်ဝင်ပြီး ကိုယ့်ကိုယ်ကို စိတ်ပျက်မိပါတယ်။

ဟုတ်တယ်လေ... ကိုယ့်နဲ့ သက်တူရွယ်တူ သူငယ်ချင်းတွေက လှလှပပ ကျော့ကျော့ မော့မော့ ဖီးလိမ်းပြင်ဆင်ပြီး လွတ်လွတ်လပ်လပ် ပညာသင်ယူ၊ မိသားစုတွေနဲ့ သိုက်သိုက်ဝန်းဝန်း အပူအပင် ကင်းကင်း ပညာသင်ယူနေချိန်မှာ ကျွန်မကတော့ မိသားစုနဲ့ ဝေးလံလှတဲ့ ဒီနိုင်ငံကြီးမှာ အခက်အခဲတွေ တင်းကြပ်တဲ့ ချည်နှောင်မှုတွေကြားမှာ မိသားစုကို ထောက်ပံ့ဖို့အတွက် ရုန်းကန်ခဲ့ရပါတယ်။ ဒီအချိန်မှာ ကျွန်မ ဘဝကို ကျွန်မ ငြီးငွေ့လာမိတယ်။ လောကကြီး ထဲမှာ လူသားတစ်ဦးအဖြစ်နဲ့ အသက်ရှင်ပြီးတော့ ဒီလို ပင်ပန်းဆင်းရဲခြင်းတွေနဲ့ဘဲ ဘဝကို ကုန်ဆုံးသွား မယ် ဆိုရင်တော့ ရှင်သန်နေတဲ့ ကျွန်မ ဘဝဟာ အဓိပ္ပာယ် ကင်းမဲ့လွန်းလှတယ်လို့ ကျွန်မ ခံစားလိုက် မိပါတယ်။ ကိုယ့်ကိုယ်ကိုလဲ အသုံးမဝင်တဲ့သူလို့ အစွဲ အလမ်း ကြီးခဲ့မိပါတယ်။

တစ်နေ့ – ကျွန်မ သူငယ်ချင်း (မြန်မာပြည်) ဆီက စာတစ်စောင် ရောက်လာပါတယ်။ စာထဲမှာ ဘာရေးထား သလဲဆိုရင် ...

*ကေးလေး - -*

*နင် ဘုရားသခင်ဆီက ကောင်းကြီး မင်္ဂလာတွေ အများကြီးခံစားရတယ်။ ငါအခု ပညာတတ် ဘွဲ့ရ တစ်ယောက်ဖြစ်ပေမဲ့ ငါ့ မိသားစု ကို နင့်လို မထောက်ပံ့ နိုင်သေးဘူး။ နင်က ပညာ မတတ် ဘွဲ့မရ ပေမဲ့လဲ။ နင့်မိသားစု ကို နင်ပြန်ပြီး ကူညီ ထောက်ပံ့နိုင်တဲ့အပြင် ငါတို့ အသင်းတော် အတွက်နဲ့ အသင်းတော်မှာ ချို့ငဲ့တဲ့ မိသားစုတွေ အ တွက် နင် တတ်နိုင်သလောက် ပါဝင်ကူညီ ထောက်ပံ့ နိုင်သေးတယ်နော်၊ နင်က ငါ့ထက်စာရင် အများကြီး သာတယ်။ နင့်ကိုယ်နင် အသုံးမဝင်တဲ့သူလို့ ဘယ် တော့မှ မပြောနဲ့၊ ဘုရားရှင်ရဲ့ ကျေးဇူးတော်တွေကို ခံစား နားလည်ပြီး ကျေးဇူးတော်တွေကို ချီးမွမ်းတတ် အောင် ကြိုးစားပါ။ နင့်ရဲ့ သိမ်ငယ်မှု တွေ အား ငယ်မှု တွေ ပျောက်သွားလိမ့်မယ်။*

... လို့ ကျွန်မ ဆီ သူစာရေးခဲ့ပါတယ်။

သူရေးတဲ့ စာတစ်စောင်လုံးမှာ ဒီစာပိုဒ် လေးက ကျွန်မ ရဲ့ ခေါင်းထဲမှာ စွဲကျန်နေခဲ့တယ်။ ပြီးတော့

"နင်က ငှါထက်စာရင် အများကြီး သာတယ်" ဆိုတဲ့ စာကြောင်းလေးကို ကျွန်မ စဉ်းစားမိတယ်။ သူ ငှါ့ကို ဘာလို့ ဒီလိုပြောရတာလဲ။ သူက ငှါထက် ပညာတတ်တဲ့ ဘွဲ့ရတစ်ယောက်ဖြစ်ပြီး ငှါ့ကို သူ့ထက် သာတယ်လို့ ပြောတာဟာ ငှါ ကို ခနဲ့ ချင်လို့လား။ ဒါမှမဟုတ် သူ့ဆီကို ငါစာရေးရင် ညည်းပြလွန်းလို့ ငှါ့ကို အားပေးနေတာလားလို့ စဉ်းစားမိတယ်။

နောက်ပိုင်း အဲဒီအကြောင်းတွေကို လေးလေး နက်နက် စဉ်းစားမိတဲ့အခါ ဘုရားရှင် ကျွန်မကို သွန်သင်တဲ့ အကြောင်းတွေကို သိလာခဲ့ တယ်။ ဒီလို ခက်ခဲ ကျပ်တည်းပြီး ဆိုးယုတ်နေတဲ့ ခေတ်ကြီးမှာ ကျွန်မ စင်ကာပူကို လာအလုပ်လုပ်ပြီး မိသားစုကို ထောက်ပံ့နိုင်တာဟာ ကျေးဇူးတော် သက်သက်ပါ။ ကျွန်မသာ ဒီကိုလာပြီး အလုပ်မလုပ် နိုင်ရင် မိဘနှစ်ပါးရဲ့ ဝန်ထမ်းလစာ၊ မောင်နှမတွေရဲ့ ကျောင်းစရိတ်တွေက ကျွန်မတို့ မိသားစုကို နေ့စဉ် ခြောက်လှန့် နေအုံးမှာပါ။

တစ်ခါတစ်ရံ ကျွန်မတို့ လူသားတွေဟာ စိုးရိမ်ပူပန်မှု ၊ လိုချင်တပ်မက်မှုတွေ များတဲ့အခါ၊ လက်ရှိ ဘုရားရှင် ချပေးထားတဲ့ ကောင်းကြီး မင်္ဂလာတွေကို မမြင်တော့ဘဲ ဝိညာဉ် မျက်စိ ကွယ်သွားတတ်ပါ တယ်။

အခုချိန်မှာတော့ ဘုရားသခင်ရဲ့ ကောင်းကြီးတွေကို ကျွန်မ ရေတွက်ချီးမွမ်းတတ်နေပါပြီ။ ပညာ မတတ်၊ ပစ္စည်းဥစ္စာ မချမ်းသာပေမဲ့၊ သိမ်ငယ်တဲ့ စိတ်မျိုး မခံစားရတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ချမ်းသာသည် ဖြစ်စေ၊ ဆင်းရဲသည် ဖြစ်စေ။ လှသည် ဖြစ်စေ၊ အကျည်းတန်သည် ဖြစ်စေ၊ ကျွန်မတို့ အားလုံးဟာ ဘုရားသခင်ရဲ့ ရှေ့တော်မှောက်မှာ အတူတူပါဘဲ။ အထူးသဖြင့် ကျွန်မတို့ ယုံကြည်သူတွေ လောကကြီး ထဲမှာ အသက်ရှင်နေကြပေမဲ့ လောကကြီးနဲ့ မသက်ဆိုင်ကြောင်း သတိချပ်သင့်ပါတယ်။ လောကီ စည်းစိမ်တပ်မက်ခြင်းဟာ ဘုရားသခင်နဲ့ ကျွန်မတို့ကြားမှာရှိတဲ့ မိတ်သဟာယကို ပျက်ပြား သွားစေပါလိမ့်မယ်။

**၁တိ ၆း၁၀ လူအချို့တို့သည် ငွေကို တပ်မက်သောကြောင့် ယုံကြည်ခြင်း တရားလမ်းမှ လွဲသွား၍ ဒုက္ခခြင်း ဝေဒနာများနှင့် ကိုယ်ကိုကိုယ် ထုတ်ချင်းခပ်အောင် ထိုးကြပြီ။**

ပစ္စည်းဥစ္စာ ကြွယ်ဝ သော်လည်း ဝိညာဉ်ရေး ရာမှာ ဆင်းရဲနေရင်လည်း အလကားဘဲ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ဘဝအသက်တာမှာ အခက်အခဲ တွေနဲ့ ရင်ဆိုင်ရတဲ့အခါ အဲဒီအရာတွေကို လူ့အမြင်နဲ့သာ ကြည့်မယ်ဆိုရင် အားငယ်မှုနဲ့ ကျ ဆုံးမှုကို ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘုရား သခင်ရဲ့ အမြင်နဲ့ ကြည့်တဲ့အခါ သူ့ရဲ့ အံ့သြဘွယ် ရာ လုပ်ဆောင်မှုတွေကို တွေ့ရှိရပြီး ငြိမ်သက်ခြင်းနဲ့ ပျော်ရွှင်ခြင်း ကို ခံစားရမှာဖြစ်ပါတယ်။

ဘဝမုန်တိုင်း ပြင်းထန်နေလည်း ဘုရား ရှင်ရဲ့ ကတိတော်တွေကို ခိုလှုံကိုး စား ယုံကြည်ကြရအောင်။ အဲဒီ အပြင် ရှင်သန် နေတဲ့ ကျွန်မတို့ရဲ့ အသက်တာ တစ်ခု စီတိုင်းကို အဘယ် အကြောင်းကြောင်းနဲ့မှ အဓိပ္ပာယ် ကင်းမဲ့တဲ့ ရှင်သန်မှုမျိုး မဖြစ်စေဘဲ၊ လူတွေအတွက်၊ အထူးသဖြင့် ကျွန်မ တို့ကို ဖန်ဆင်းတဲ့ ဘုရားသခင်အတွက် အကျိုးရှိအောင် ဆက်လက် အသက်ရှင်ကြပါစို့။ ။ **[ ရွှန်ကေးလေး ]**

**God give us a reason to live.**
**A reason for now.**
**A reason for tomorrow and**
**A reason for life here after.**



oooooooooooooooooooooooooooooooooooooooooooooooooo

# ခရစ်တော်၏ရုပ်ပုံလွှာ(၃)

## ***ထာဝရအဘ***

**(ထိုသူသည် အုပ်စိုးခြင်း အာဏာစက် ရှိလိမ့် မည်။ နာမတော်မူကား ...ထာဝရအဘ ...ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ ဟေရှာယ ၉း၆ )** ကျွန်တော်တို့ ယုံကြည်သူအများစုသည် ထာဝရအဘ ဆိုသော အမည်နာမကို ခမည်းတော် ဘုရားအား တိုင်တည် ရည်ညွှန်း၍ ခေါ်ဆိုလေ့ ရှိကြပါ သည်။ သို့ရာတွင် ထိုအမည်နာမ သည်။ ခမည်းတော်တစ်ပါးတည်း အတွက်သာ မဟုတ်ဘဲ သားတော် သခင်ယေရှုခရစ်တော် ဘုရားနှင့်လည်း သက်ဆိုင်ကြောင်း သိထားသင့်ပါသည်။

တမာန်တော်ကြီး ရှင်ပေါလုမှ ယေရှု ခရစ်တော်၏ ထာဝရ တည်ရှိခြင်းကို သမ္မာကျမ်းစာမှ ဖွင့်ပြထားပါ သည်။

**သားတော်သည်လည်း ခပ်သိမ်းသော အရာ မဖြစ်မှီ ဖြစ်တော်မူ၍ ခပ်သိမ်းသော အရာတို့သည် တန်ခိုးတော်အားဖြင့်သာ တည်ကြ၏။ (ကောလောသဲ ၁း၁၇)**

ထို့အပြင် ဤလောက ကမ္ဘာကြီးအား သခင်ယေရှုခရစ်တော်မှ ဖန်ဆင်းထားကြောင်း ဆက်လက် ရေးသားထားပါသည်။

**ထိုသားတော်သည် ... ခပ်သိမ်းသော အရာတို့ကို ဖန်ဆင်းတော်မူ၏။ (ကော ၁း၁၆)**

အနောက်နိုင်ငံ များတွင်လည်း မိမိတို့၏ သက္ကရာဇ်၊ ပြက္ခဒိန်များအား ယေရှုခရစ်တော် ပေါ်ပြီးသည့် ကာလနှင့် ခရစ်တော် မတိုင်ခင်ကာလ ဟူ၍ (ဘီစီ နှင့် အေဒီ) ကာလနှစ်ခု ပိုင်းခြား ရေတွက်ထားပါသည်။ ယခုအခါတွင် ထိုသက္ကရာဇ် အား အနောက် နိုင်ငံများတွင်သာမက အရှေ့တိုင်း နိုင်ငံများတွင်ပါ ကွင်တွင်ကျယ်ကျယ် သုံးစွဲလာကြပြီး ယေရှုခရစ်တော်၏ ထာဝရ တည်ရှိခြင်းကို လက်ခံလာ ကြကြောင်း သိရှိနိုင်ပါသည်။

လူသားများ၏ ရှင်သန်မှုသည် ပစ္စုပ္ပန်ကာ လနှင့် အနာဂါတ်ကာလ ဟု အချိန်နှစ်မျိုး သာ ရှိသော်လည်း ယေရှုခရစ် တော်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂါတ် ဟူသော ကာလ သုံး ပိုင်းလုံးတွင် တည်ရှိနေကြောင်း သက်သေ ထူခဲ့ပါသည်။ တပည့် တော်များနှင့် အထက်ခန်းမှ နောက်ဆုံး ညစာစားပွဲတွင် ခမည်း တော် ဘုရားထံ ဆုတောင်းသော အချက်တွင် ယေရှုခရစ်တော်၏ တည်ရှိခြင်းကို တွေ့ရှိနိုင်ပါသည်။

**အိုး အဘ ဤကမ္ဘာ မတည်မရှိမှီ အထံတော်၌ အကျွန်ုပ် ခံစားသော ဘုန်း သရေနှင့် ယခုတွင်လည်း အကျွန်ုပ်ကို အထံ တော်၌ ချီးမြှောက်တော်မူပါ။ (ယော - ၁၇း၅)**

ယေရှုခရစ်တော်သည် ထာဝရကာလ ကိုလည်း ပိုင်ဆိုင်သော အရှင်သခင် ဖြစ်ပါ သည်။ အတိုင်း အဆမဲ့သော အနာဂါတ် ကာလ အချိန် အပိုင်းအခြား ကိုလည်း မိမိ၏ လက်တော်ဖြင့် ကိုင်တွယ် ချုပ်ကိုင်ထား သော ဘုရား ဖြစ်ပါသည်။


**လူစိတ်နှလုံးကိုလည်း အနန္တကာလ၌ စွဲလန်း စေတော်မူပြီ။ ဒေသနာ ၃း၁၁**

**ဘုရားသခင် ပေးတော်မူသော ကျေးဇူး တော်ကား ငါတို့ သခင် ယေရှုခရစ်အားဖြင့် ထာဝရ အသက် ပေတည်း။ ရောမ ၆း၂၃**

ယေရှုခရစ်တော်သည် ထာဝရ တည်ရှိ သည်သာ မက ယုံကြည်သူများအားလဲ ကောင်းကင် ဘုံနှင့်ဆိုင်သော အမွေဥစ္စာကို ဆက်ခံစေမည် ဖြစ်ပါ သည်။ ယုံကြည်သူများ ကိုယ်တိုင် ယေရှု ခရစ် တော်နှင့်အတူ ထာဝရကာလကို ဆက်စံ ရမည် ဖြစ်သည်။ ။ **( မင်းအောင်သက်လွင် )**

## လျှာနဲ့တော်ဆော်ရင်ဖွင့်စကား – ၆

ရင်ထဲက စကားကို –
လျှာဖျားရဲ့ 'အား' နဲ့ ၊ သံတော်ဦးတင်ဖို့ ကြိုးစားလိုက်ချိန်မှာ –
လျှာဖျားမှာ တစ်စုံတစ်ခု မှားနေခဲ့ပေါ့ အရှင် ။
အဆင်ပြေရင် "Praise the Lord"
အဆင်မပြေတော့ ကျိန်ဆဲ ပေါ့။
ပျော်ခဲ့ရင် "ဟာလေလုယာ" လို့ မြွက်ဆို ၊
မပျော်ခဲ့ရင် "အဆင်မပြေဘူးကွာ" လို့ ရှိုက်ငို ။
အခြေအနေပေါ် မူတည်ပြီး –
အာခံတွင်းထဲက တွန့်လိမ်ခေါက်ချိုး
အသံအမျိုးမျိုး ပြုတတ်တဲ့ လျှာ ။
ဆာလောင်ရင် – နှုတ်ခမ်းကို လျှာ နဲ့ သပ် ၊
ဒေါသဖြစ်ရင် – အာခေါင်ကို လျှာနဲ့ ခေါက် ၊ " တောက် ! "
ရှက်တတ်ရင် – လျှာကို အပြင်ထုတ် ။
အဲဒီလို – အမူအယာများတဲ့ လျှာဖျားဟာ
တခါတရံမှာ အပူ ကွယ်ကာတဲ့ ထီး ၊
တရံတခါမှာ အပူ သယ်လာတဲ့ မီး ။
တခါတရံမှာ လူကို ကာတဲ့ လွှား ၊
တရံတခါမှာ လူကို နှာတဲ့ ဓါး ။
တစ်ပါးသူကို ပြုံးစေတာလဲ လျှာ ၊
သူတစ်ပါးကို မုန်းစေတာလဲ လျှာ ။
စိတ်ကို ရင်ချမ်းသာစေတာလဲ လျှာ ၊
စိတ် ပင်ပန်းငြီးငွေ့တာလဲ လျှာ ။
အရသာ ခံတွေ့တာလဲ လျှာ ၊
ဘဝနာ ဒဏ်ခတ်တာလဲ လျှာ ။
အစာ တွတ်တာလဲ လျှာ ၊
ကဗျာ ရွတ်တာလဲ လျှာ ။
အမှားပြောတာလဲ လျှာ ၊
တရားဟောတာလဲ လျှာ ။
အလကားကောင် ထင်တာလဲ လျှာ ၊
သမ္မာတရားဘောင် ဝင်တာလဲ လျှာ ။
လျှာဖျားမှာ ... အလိမ္မာ တရားလဲ ရှိ ၊ လိမ်ညာ စကားလဲ ရှိ ။
ခန္ဓာထဲမှာ သူတစ်ဦးတည်း ၊ ကိုယ်ခွဲပြီး အမျိုးမျိုး သရုပ်ဆောင် ၊
အကယ်ဒမီ ဆယ်ထပ်ကွမ်း မဲ့ကောင် ။
( ဒီ့အပြင် ... ) ခံတွင်းထဲ ကျလာတဲ့ အာဟာရတွေကို
'သွား' က ကြိတ်ခွဲ ၊ 'အူ' က ညှစ်ဆွဲ နေချိန်မှာ
'လျှာ' က အစာကို ဖိမ်ကျကျ ပွတ်သပ်ပြီး ၊ အရသာခံ ပေးနေလေရဲ့ ။




အစာအတွက် ၊ လျှာနဲ့ အသက်မွေးသူတွေ
( ဥပမာ – အဆိုတော် ၊ ပွဲစား ၊ သူတောင်းစား – – – စသဖြင့် )
မှ မပြောင်း သရွေ့တော့ ၊ လျှာ က သရဖူ ဆောင်း နေအုံးမှာပါဘဲ ။
သူတစ်ပါးအပေါ် နာတစ်ဖျား သာဖို့ ၊ လျှာဖျားကို အသုံးပြု သူတွေက ၊
တစ်ချောင်းတည်းသော လျှာနဲ့ အမှားပေါင်း များစွာ ကို လွှန်ကျူး – –
အဲဒီလို ... အရိုးမရှိတဲ့ လျှာဟာ ၊
မြောက်ပင့် လေဟပ် ၊ အလိုက်သင့် နေတတ်တယ် ။

ဓားအလက် တစ်ထောင်နဲ့ ၊ တိုက်ပွဲဝင်နေတဲ့ စစ်မြေပြင်မှာ
လျှာတစ်ချောင်းထဲနဲ့ ၊ အညှိခံပြီး စစ်ငြိမ်းနိုင်သလို ...
အလံဖြူပေါင်း တစ်ထောင် တင်ထားတဲ့ပန်းဥယျာဉ်မှာ
လျှာတစ်ချောင်းထဲနဲ့ ၊ ရန်စပြီး တိုက်ပွဲဆင်နိုင်တယ် ။

နောက်ဆုံးတော့ ...
၃ အောင်စ လောက်ဘဲ လေးတဲ့ လျှာဟာ
ပေါင် ၁၀၀ကျော် လေးတဲ့ ၊ လူ့ခန္ဓာကိုယ်ကို ကိုင်
မြှောက်ထားနိုင်သလို ၊
၆ လက်မ လောက်ဘဲ ရှည်တဲ့ ၊ လျှာက
၆ ပေလောက်ရှိတဲ့ လူကို ၊ ဘုန်းဘုန်း လဲကျသွားစေ
နိုင်တယ် ။
အခုလို ရာသီမျိုးမှာတော့...
လိုင်းကြီး လေ့အောက် ၊ တောင်ကြီး ဖဝါးအောက်လို့
အပြောကြီး သူတွေလဲ ၊
လျှာ အောက်မှာ ပြားပြားမှောက် နေကြပြီလေ ။ ။
**( မင်းအောင်သက်လွင် )**

○○ ○○ ○○ ○○ ○○ ○○ ○○ ○○ ○○

## ရာစုသစ်ပြဇာတ်တစ်ပုဒ်



အားလုံးက ပြီးဆုံးသွားပါပြီ ။
ရုပ်ပုံ ကားချပ်လည်း မဟုတ် ၊
သတ်မှတ်ချက်အတိုင်း လည်ရတဲ့
စက်ရုပ် တစ်ရုပ်လည်း မဟုတ် ၊
ကိုယ်ဖြစ်ကိုယ်ခံ ဘဝထဲမှာ
ခင်ဗျားနဲ့ ကျုပ် – တကုပ်ကုပ် လုပ်လိုက်ရတဲ့အလုပ်
နားရတယ်ကို မရှိဘူး။

ဒီ သက်တမ်း ကုန်ရင်
ရွာပြန်မယ် ဆိုတဲ့ စိတ်ကူး ၊
"မောင်ရယ် – နောက် ၂နှစ်လောက်တော့ နေပါအုံး"
ဆိုတဲ့ မိန်းမရဲ့ စကား ။ သားကြီးနဲ့ သမီးရဲ့ ပညာရေး
အဲဒါတွေ တွေးရင်းနဲ့ဘဲ ၊ (၈) နှစ်ဆိုတဲ့ အချိန်ကတော့
မနေ့ တစ်နေ့ကလို ၊ ကျုပ်ကို လာနောက်နေတယ် ။

ဒေါ်လာ အဿပြာ ၊ အစွမ်းကြီး ပုံများ
မနက်မိုးလင်း ၊ မထ ချင်လည်း ထ ရ ။
မိုးရွာလည်း မနားဘဲနေ့စဉ် လုပ်ရတဲ့ အလုပ် ။
စင်ကာပူရောက် ဒုက္ခတွေကို
အိမ်က မိန်းမ ဘာမှ မသိဘဲ ...
"တို့ – ကိုကိုက စင်ကာပူ မှာလေ" ဆိုတဲ့စကားကို
ခပ်ကြွားကြွား သုံးပြီး ၊ ခေါင်းမော့ ပြုံးနေတုံး
ကျုပ် ကတော့ 'ခေတ္တ စင်ကာပူ' မှာ
၂၁ ရာစုရဲ့ နောက်ဆုံးပေါ်
ခိုင်းနွားတစ်ကောင် ၊ ဖြစ်မှန်းမသိ ဖြစ်နေလေရဲ့။
**( သက်တံချို )**